## မဟာစည်ဆရာတော်ကြီးက ကြိုပြီးသိနေလေရောသလား?

(၁၈)နှစ်အလိုက မဟာစည်ဆရာတော်ကြီး၏ ပေးစာထဲကအတိုင်း အမှန်ပင် ဖြစ်လာခဲ့လေတော့သည်။ အကြောင်းမှာ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ သည် ပါမောက္ခချုပ်အဖြစ် သာသနာပြုရန် ၁၉၉၈ ခုနှစ် ကုန်ခါနီးကစ၍ မြန်မာနိုင်ငံသို့ ပြန်လည်ကြွခဲ့ရလေသည်။

၁၄၊ ၉၊ ၈၀ ........19

(အမေရိကံသာသနာပြု)
ဦးသီလာနန္ဒထံသို့

အကြောင်းကြားစာ ပေးပို့လိုက်ပါသည်။

ဦးသီလာနန္ဒထံမှ အကြောင်းကြားစာများကို တွေ့ရ ကြည့်ရှုရသဖြင့် အရှင်ဘုရား၏ နေထိုင်ခွင့်ရရေး သာသနာပြုရေးများကို သိတန်သမျှ သိရ၍ အထူးပင် ဝမ်းမြောက်ရပါသည်။ အရှင်ဘုရားသည် သက္ကတစာပေများနှင့် တကွ ဗုဒ္ဓသာသနာတော် ပိဋကစာပေများ၌ ထူးထူးခြားခြား တတ်သိသော ကြောင့်၄င်း၊ အင်္ဂလိပ်ဘာသာစကား၌ ကျွမ်းကျင်သော ကြောင့်၄င်း အရှင်ဘုရားကို သာသနာပြုပုဂ္ဂိုလ်ထူးအဖြစ်ဖြင့် အသိအမှတ်ပြုလျက် ယုံကြည်အားကိုးလျက် ဘုန်းကြီးက အမေရိကံ၌ နေနိုင်သမျှနေလျက် သာသနာပြုရစ်ရန် သွန်ကြားခဲ့ပါသည်။ သို့သော် ထိုစဉ်ကာလက အရှင်ဘုရားမှာ အဘယာရာမတိုက် နေရာဟောင်း၌ ပြန်လည်စောင့်ရှောက်ရေး၌နေသော ကြောင့် တော်တော်ကြာအောင်မှ နေနိုင်ပါမည်လားဟု စိုးရိမ်ခဲ့ပါသည်။ ယခုတော့ ကြာရှည်သာသနာပြုရန် တက်သန်သော အလိုဆန္ဒရှိနေ ကြောင်း သိရ၍ အထူးပင် ဝမ်းမြောက်ရပါသည်။

အရှင်ဘုရားသည် မြန်မာပြည်သို့ ပြန်လာ၍ စာပေပို့ချသာသနာပြုသွားမည်ဆိုလျှင် ပရိယတ္တိသာသနာဘက်မှာ တော်တော်တိုးတက်ဖွယ်ရှိပါသည်။ သို့သော်လဲ အမေရိက၌ သာသနာပြုခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် အမေရိကံသာသနာပြုကိစ္စက အထူးပင်ကျယ်ပြန့်ကြောင်း ထင်ရှားပါသည်၊ အမေရိက၌ နှစ်ပေါင်း အတော်များများ နေ၍ သာသနာပြုနေလျှင် ဗုဒ္ဓသာသနာတော်သည် ထိုဒေသ၌ အလွန်ပင်တိုးတက်ကျယ်ပြန့်သွားဖွယ်ရှိပါသည်။ ထိုသို့ သာသနာအထူးတိုးတက်ပြန့်ပွား အောင် နေထိုင်ဆောင်ရွက်ခဲ့ပြီးတော့မှ မြန်မာပြည်သို့ ပြန်လာ၍ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတို့ကို ပြုသွားလျှင် သာသနာပြုထူးခြားသော ဆရာတော်ကြီးအဖြစ်ဖြင့် ထင်ရှား၍ မြန်မာပြည်မှာရော အမေရိကစသော နိုင်ငံခြားများမှာရော ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက်ပြန့်ပွား သွားလိမ့်မည်ဟု မျှော်လင့်ယုံကြည်ရပါသည်။

သို့ဖြစ်၍ ဦးကေလာသကဲ့သို့ပင် အရှင်ဘုရားလဲ အမေရိကန်၌ နှစ်ပေါင်း တော်တော်များများ ကြာရှည်စွာ နေလျက် သာသနာပြုကိစ္စကို အထူးသဖြင့် ဆောင်ရွက်သွားစေလိုပါသည်၊ အရှင်ဘုရား၏ စိတ်ထဲမှာလဲ ထိုသို့သော ရည်ရွယ်ချက်ရှိနေသည်ဟု၍ပင် ယုံကြည်ပါသည်။ ထိုသို့ယုံကြည်ရင်းရှိသည့်အတိုင်း ကြာရှည်သင့်သမျှ ကြာရှည်စွာ သာသနာပြုကိစ္စကို ထက်သန်စွာ ကြိုးစား ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်း မေတ္တာပို့လျက်ရှိပါသည်။

(signature)
(အရှင်သောဘန)
မဟာစည်ဆရာတော်

ဤစာမိတ္တူစောင်ကို
ဦးကေလာသထံသို့လဲ ပေးပို့လိုက်ပါသည်။

(၁၄)

**The Ven. Mahasi Sayadaw,**
Bhadanta Sobhana,
Agga Maha Pandita.

Thathana Yeiktha,
16, Hermitage Road,
Rangoon, Burma.
Cable: "MAHASI, RANGOON"
Telephone: 50392

၁၄၊၉၊၇၇........19

(အမေရိကသာသနာပြု)
ဦးသီလာနန္ဒထံသို့

အကြောင်းကြားစာ ပေးပို့လိုက်ပါသည်။

ဦးသီလာနန္ဒထံမှ အကြောင်းကြားစာများကို ရွေ့ရ ကြည့်ရှုရသဖြင့် အရှင်ဘုရား၏ နေထိုင်ခွင့်ရရေး သာသနာပြုရေးများကို သိတန်သမျှ သိရ၍ အထူးပင် ဝမ်းမြောက်ရပါသည်။ အရှင်ဘုရားသည် သက္ကတစာပေများနှင့်တကွ ဗုဒ္ဓသာသနာတော် ပိဋကစာပေများ၌ ထူးထူးခြားခြား တတ်သိသောကြောင့်၎င်း၊ အင်္ဂလိပ်ဘာသာစကား၌ ကျွမ်းကျင်သောကြောင့်၎င်း အရှင်ဘုရားကို သာသနာပြုပုဂ္ဂိုလ်ထူးအဖြစ်ဖြင့် အသိအမှတ်ပြုလျက် ယုံကြည်အားကိုးလျက် ဘုန်းကြီးက အမေရိကန်၌ နေနိုင်သမျှနေလျက် သာသနာပြုရစ်ရန် မှာကြားခဲ့ပါသည်။ သို့သော် ထိုစဉ်ကာလက အရှင်ဘုရားမှာ အဘယာရာမတိုက် နေရာဟောင်း၌ ပြန်လည်စောင့်ရှောက်ရေးရှိနေသောကြောင့် တော်တော်ကြာအောင်မှ နေနိုင်ပါမည်လားဟု စိုးရိမ်ခဲ့ပါသည်။ ယခုတော့ ကြာရှည်သာသနာပြုရန် ထက်သန်သောအလိုဆန္ဒရှိနေကြောင်း သိရ၍ အထူးပင် ဝမ်းမြောက်ရပါသည်။

အရှင်ဘုရားသည် မြန်မာပြည်သို့ ပြန်လာ၍ စာပေပို့ချသာသနာပြုသွားမည်ဆိုလျှင် ပရိယတ္တိသာသနာဘက်မှာ တော်တော်တိုးတက်ဖွယ်ရှိပါသည်။ သို့သော်လဲ အမေရိကန်၌ သာသနာပြုခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် အမေရိကသာသနာပြုကိစ္စက အထူးပင်ကြီးကျယ်ပြန့်ကြောင်း ထင်ရှားပါသည်၊ အမေရိကန်၌ နှစ်ပေါင်း အတော်များများ နေ၍ သာသနာပြုနေလျှင် ဗုဒ္ဓသာသနာတော်သည် ထိုဒေသ၌ အလွန်ပင်တိုးတက်ကြီးပြန့်သွားဖွယ်ရှိပါသည်။ ထိုသို့ သာသနာအထူးတိုးတက်ပြန့်ပွားအောင် နေထိုင် ဆောင်ရွက်ခဲ့ပြီးတော့မှ မြန်မာပြည်သို့ ပြန်လာ၍ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတို့ကို ပြုသွားလျှင် သာသနာပြုထူးခြားသော ဆရာတော်ကြီးအဖြစ်ဖြင့် ထင်ရှား၍ မြန်မာပြည်မှာရော အမေရိကစသော နိုင်ငံခြားများမှာရော ဗုဒ္ဓသာသနာတော် အထူးသဖြင့် တိုးတက်ပြန့်ပွားသွားလိမ့်မည်ဟု မျှော်လင့်ယုံကြည်ရပါသည်။

သို့ဖြစ်၍ ဦးကေလာသကဲ့သို့ပင် အရှင်ဘုရားလဲ အမေရိကန်၌ နှစ်ပေါင်း တော်တော်များများ ကြာရှည်စွာ နေလျက် သာသနာပြုကိစ္စကို အထူးသဖြင့် ဆောင်ရွက်သွားစေလိုပါသည်၊ အရှင်ဘုရား၏ စိတ်ထဲမှာလဲ ထိုသို့သော ရည်ရွယ်ချက်ရှိနေသည်ဟု၍ပင် ယုံကြည်ပါသည်။ ထိုသို့ယုံကြည်ရင်းရှိသည့်အတိုင်း ကြာရှည်သင့်သမျှ ကြာရှည်စွာ သာသနာပြုကိစ္စကို ထက်သန်စွာ ကြိုးစား ဆောင်ရွက်နိုင်ပါစေဟု ဆုတောင်း မေတ္တာပို့လျက်ရှိပါသည်။

(signature)
(အရှင်သောဘန)
မဟာစည်ဆရာတော်

ဤစာမိတ္တူစောင်ကို